Volume 3/Issue11/November/2010

*Enjoy free reading from B.C.F*

# † Newsletter _ သတင်းလွှာ

မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

## ကျေးဇူးတော်နှင့်ဆိုင်သောကျင့်ဝတ်

* အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။
* မခြားမလပ် ဆုတောင်း ပဌနာပြုကြလော့။
* အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။
အကြောင်းမူကား၊သင်တို့သည်ထိုသို့ကျင့်စေခြင်းငှါ၊ ယေရှုခရစ်၌ ဘုရားသခင် အလိုတော်ရှိ၏။

* စကားပြောသော်၎င်း၊
* အမှုဆောင်ရွက်သော်၎င်း၊
* သခင်ယေရှု၏နာမတော်ကိုထောက်၍ ခပ်သိမ်းသောအမှုတို့ကိုပြုမူလျက်၊
ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော်ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့။

* ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
* နာမတော်ကို ပဌနာပြုကြလော့။
* အမှုတော်တို့ကို လူများတို့အား ပြသကြလော့။

* အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်၊သင်တို့တောင်းပန်လိုသောအရာများတို့ကိုဘုရားသခင်အားကြားလျှောက်ကြလော့။

* ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှုခရစ်၏နာမတော်ကို ထောက်၍ ခမည်းတော်ဘုရားသခင့်ရှေ့၊ ကာလအစဉ်မပြတ် ဝန်ခံကြလော့။

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www. bcfla.org

# အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းကြလော့

### ကျွန်ုပ်တို့ မည်သူ့ကို ချီးမွမ်းရမည်နည်း။

ထာဝရဘုရားကို ချီးမွမ်းရမည်။
ထာဝရဘုရား၏ … ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။
ကျေးဇူးတော်ကြီးလှပါ၏ဟုဝန်ခံကြလော့။
အမှုတော်တို့ကို လူများတို့အား ပြသကြလော့။

❖ တချိန်က အန္တိယနိုင်ငံတွင် သာသနပြုဆရာဝန်တစ်ဦးသည် မျက်စိကွယ်လုနီးပါး လူနာများကိုအောင်မြင်စွာ ဆေးကုသပေးရာတွင်၊ ကျေးဇူးတင်သည်ဟု ဘယ်သောခါမျှ မပြောပါ။ အဘယ်ကြောင့်ဆိုသော် ထိုဒေသရှိလူများ၏ ပြောဆိုနေကျ စကားမဟုတ်ပေ။ သို့ရာတွင် ထိုသူတို့ ဘယ်အရပ်သို့သွားသည်ဖြစ်စေ၊ဘယ်နေရာကို ရောက်သည်ဖြစ်စေ၊ သူတို့ကို မျက်စိပြန်မြင်အောင် ကုသပေးသော ဆရာဝန်၏အကြောင်းကို ပြော၍၊ သတင်းကောင်း လွှင့်ကြသည်။

ကျွန်ုပ်တို့သည်လည်း ရှိသည့်နေရာတိုင်းနှင့် သွားသည့်နေရာတိုင်းမှာ **"ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း"**သတင်းကောင်းကို ကျေညာခြင်းဖြင့် ကျေးဇူးတော်ကို ချီးမွမ်းရာရောက်ပေ၏။

### ကျွန်ုပ်တို့ ဘယ်အရာကို ချီးမွမ်းရမည်နည်း။

အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။

ခပ်သိမ်းသော အရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု(ဖေက်သြဝါဒစာ၊၅း၂၀)တွင် ပြောထားသည့်အတိုင်း၊ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။

* အရာရာ၌ ကျေးဇူးကို ချီးမွမ်းကြလော့။ (၁သက်၅း၁၈)
* အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။ (ဖိလိပ္ပိ၊၄း၆)

အောက်ပါ တကယ့်အဖြစ်အပျက်လေးအားဖြင့် စဉ်းစားဆင်ခြင်ကြပါစို့။

❖❖ညနေစာ စားသောက်ရန် ထမင်းစားပွဲတွင် ထိုင်နေစဉ်၊ လေးနှစ်အရွယ် သားလေးအားသူ၏ မိခင်မှ အစားအစာအတွက် ကျေးဇူးတော်ချီးမွမ်း ဆုတောင်းရန် ပြောသည်။ ထမင်းစားပွဲရှိ လူအားလုံးလက်အုပ်ချီကာ ခေါင်းငုံ့၍စောင့်ဆိုင်းနေ၏…။ စောင့်နေကြ၏…။ ခဏအကြာတွင်၊ တိတ်ဆိတ်နေ၍၊ အသံမကြားရသောကြောင့် မိခင်ဖြစ်သူမှာ သားငယ်အား လှမ်းကြည့်လိုက်သည်။ သားငယ်သည်လည်း ပထမတွင်မိခင်၊ ထို့နောက်၌ဖခင်၊ ပြီးတော့မိခင်အား တဖန်ပြန်ကြည့်ကာ၊ နောက်ဆုံးတော့ ဤသို့စကားဆိုလာသည်။"ကျွန်တော် မကြိုက်မနှစ်သက်သော ဒီဂေါ်ဖီပန်းအစိမ်းအတွက် ကျေးဇူးတော်ချီးမွမ်းခဲ့လျှင်၊ ကျွန်တော် လိမ်ညာပြီပြောနေတယ်ဆိုတာကို ဘုရားသခင်သိလိမ့်မယ်"။

ကျွန်ုပ်တို့၌ မကြိုက်မနှစ်သက်သောအရာများ အစဉ်မြဲရှိနေသည့်အတွက်၊ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းရမည်မှာ မလွယ်ကူပါ။

**"ရတာမလို…လိုတာမရလျှင်၊**
**ကျေးဇူးတင်သောစိတ်… ချီးမွမ်းလိုသောဆန္ဒမရှိလျှင်"**၊ အဘယ်သို့ ချီးမွမ်းနိုင်မည်နည်း။
ထို့ကြောင့် ကျွန်ုပ်တို့သည် အရာရာ၌ ကျေးဇူးတော်ကို အမြဲမချီးမွမ်းနိုင်ကြပေ။

သို့ရာတွင်၊ သင်သည် ဘယ်လိုအခြေအနေမျိုးမှာပင် ရှိနေပါစေ၊ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းနိုင်ရန် နည်းလမ်းကောင်းများ ရှိပေသည်။

## (၁) နှိုင်းယှဉ်၍ကြည့်ခြင်း။

ကျွန်ုပ်တို့၏ လက်ရှိအခြေအနေမှာ ဖြစ်ပေါ်ခံစားနေရသော အခက်အခဲပြဿနာများသာမက၊ တွေ့ကြုံရင်ဆိုင်နေရသောဒုက္ခဆင်းရဲခြင်းများအတွက် စိတ်ပျက်ဝမ်းနည်းနေခြင်းကို သူတစ်ပါး၌ ဖြစ်ပျက်ခံစားနေရသည့် အရာကိုကြည့်ပြီး နှိုင်းယှဉ်ကာ၊ ကျွန်ုပ်တို့ ကျေးဇူးတော် ကောင်းကြီးများကို ရေတွက်ချီးမွမ်းနိုင်ပါသည်။

❖❖❖ ဂျွန်ချဒ်ဝခ်သည် သူ၏ကဗျာတစ်ပုဒ်၌ ဤသို့ ရေးစပ်ထားပါသည်။

**"ဘိနပ်မရှိ၍ ... ငါငိုကြွေးနေ၊**
**ခြေမရှိသူ ... ငါမြင်တွေ့မှ**
**ဘုရားရှင်ကျေးဇူး ... ငါချီးမွမ်းနိုင်။"**

ဂျွန်ချဒ်ဝခ်သည် သူ့မှာ ဘိနပ်ဝယ်ဖို့ရန် ပိုက်ဆံမရှိ၍ စိတ်ပျက်နေစဉ်၊ ခြေထောက်နှစ်ဖက်လုံးမရှိသူကို မြင်တွေ့သောအခါ၊ ဘုရားသခင်သည် မိမိအား ခြေနှစ်ဖက်ပေးထားသဖြင့် ချက်ခြင်းပင် ကျေးဇူးတော်ချီးမွမ်းလိုက်သည်။

ဤကဲ့သို့ပင်၊ ကျွန်ုပ်တို့သည် နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ကျေးဇူးတော်ချီးမွမ်းနိုင်ပါသည်။

## (၂) မတည်မြဲခြင်း။

လောကကြီးတွင်၊ ဘယ်အရာမှ အစဉ်မတည်မြဲပါ။ တနည်းအားဖြင့်ဆိုသော် ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။

**"ကျော်ဖြတ်ဖို့ရန် ... ရောက်လာခဲ့**
**အမြဲမတည် ... လွန်သွားမည်။"**

❖❖❖❖ စကော့တလန်နိုင်ငံမှ အလက်ဇန်းဒရားဝိုက် အမည်ရှိသော သာသနာပြု ဆရာကြီးသည် တရားပလ္လင်ပေါ်မှာ ကျေးဇူးတင်သည့် အကြောင်းအချက် တစ်ခုခုကို ဖော်ပြကာ ချီးမွမ်းဆုတောင်းလေ့ရှိသည်။ တစ်နေ့သော တနင်္ဂနွေနံနက်မှာ ရာသီဥတု မှုံမှိုင်းမဲမှောင်နေ၍၊–
အသင်းသားတစ်ဦးက ဤသို့တွေးမိသည်။ "ရာသီဥတုဆိုးဝါး၍ စိတ်ကုန်စရာကောင်းသော ဒီလိုနေ့မျိုးမှာ တရားဟောဆရာက ကျေးဇူးတင်ချီးမွမ်းစရာ အကြောင်းအချက် မရှိနိုင်ဘူးဆိုတာ သေချာတယ်"။ သို့သော်လည်း ... ဆရာက "ယနေ့ကဲ့သို့ ရာသီဥတုဆိုးဝါးသောနေ့ အမြဲမရှိသောကြောင့် ကျေးဇူးတင်ပါသည် ဘုရား" ဆုတောင်းချက်ကို ကြားရသောအခါ၊ သူသည် အလွန်ပင်အံ့ဩကာ တွေဝေသွားသည်။

နေ့စဉ် ဆိုးဝါးသော ရာသီဥတု အမြဲ မဖြစ်နိုင်ပါ။ နောက်တစ်ရက် နှစ်ရက်ဆိုလျှင် ရာသီဥတု ပွင့်လင်းလာပါလိမ့်မည်။

တမန်တော်ကြီးရှင်ပေါလုသည် (ဖိလိပ္ပိ၊ ၄း၆–၇)တွင်၊ ဤသို့ရေးသားထား၏။

* သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။ တဖန် ငါဆိုသည်ကား၊ ဝမ်းမြောက်ကြလော့။
* လူအပေါင်းတို့ရှေ့၌ သင်တို့၏ဖြေးညှင်းခြင်းသဘောကို ထင်ရှားစေကြလော့။
* သခင်ဘုရားသည် အနီးအပါး၌ ရှိတော်မူ၏။
* အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများကို ဘုရားသခင်အားကြားလျှောက်ကြလော့။
* ထိုသို့ ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံး တို့ကို စောင့်မလိမ့်မည်။

၄င်းသည် အစွမ်းထက်၍ တန်ခိုးပါသော ချီးမွမ်းခြင်း နည်းလမ်းကောင်းများဖြစ်သောကြောင့် ထိုနည်းအတိုင်း ကျင့်ဆောင်လျှင်၊ ဘုရားသခင်၏ ငြိမ်သက်ခြင်းကို အမှန်ရရှိမည်။

## (၃) ဘုရားသခင်အတူရှိခြင်း။

ထာဝရဘုရားသည် ... * အကျွန်ုပ်နှင့် အတူရှိတော်မူ၏။
* အကျွန်ုပ်ကို လမ်းပြတော်မူ၏။
* အကျွန်ုပ်ကို ချမ်းသာစေပါ၏။
* အကျွန်ုပ်ခေါင်းကို ဆီနှင့် လိမ်းတော်မူ၏။
* အကျွန်ုပ်အဘို့ စားပွဲကို ခင်းတော်မူ၏။ (ဆာလံ၊၂၃)

* သင်ရှေ့မှာ ထာဝရဘုရားသည် ကိုယ်တိုင်ကြွ၍ သင်နှင့်ရှိတော်မူလိမ့်မည်။
  သင့်ကိုစွန့်တော်မမူ၊ ပစ်ထား တော်မမူ။ မစိုးရိမ်နှင့်၊ စိတ်မပျက်နှင့်။ (တရား၊ ၃၁း၈)
* ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟု ဂတိတော်ရှိ၏။ (ဟေဗြဲ၊ ၁၃း၅)
* ထာဝရဘုရားသည် အနီးအပါး၌ ရှိတော်မူ၏။ (ဖိလိပ္ပိ၊ ၄း၅ခ)

❖❖❖❖❖ အမေရိကန် ဇာတိတိုင်းရင်းသားမျိုးနွယ်စုတစ်ခုမှ သားယောကျ်ားများအတွက် ပြိုင်စံရှားသော အကြောင်းတစ်ရပ်ကို ပြုလုပ်လေ့ရှိကြသည်။

လူမျိုးစုခေါင်းဆောင်တစ်ဦးသည် သူ၏သား အသက်(၁၃)နှစ်ပြည့်သောညဥ့်တွင် တောနက်ထဲသို့ ခေါ်ဆောင်သွားပြီး၊ ထိုတောထဲ၌ပင် သားတစ်ယောက်တည်း တစ်ညဥ့်တာကို ကုန်လွန်စေပါသည်။ ဤသို့ပြုလုပ်ရခြင်းသည် သူတို့၏လူမျိုးစုနှင့် မိသားစုအပေါ် လုံခြုံစွာ ကာကွယ်နိုင်အောင် ရဲရင့်သောသတ္တိမွေးပေးခြင်းဖြစ်သည်။

သို့သော်ထိုညဥ့်၌ကား၊ သူ၏မျက်စိကိုဖုံးကွယ်ပြီး မိုင်ပေါင်းများစွာဝေးသော တောထဲသို့ ခေါ်ဆောင်သွား၍ သူ့တစ်ယောက်ထဲ ချန်ရစ်ထားသဖြင့် ထိုညဥ့်တညလုံး တစ်ယောက်တည်းနေရ၏။ သူ၏မျက်စိကို ဖုံးအုပ်ထားသောအရာကို ချွတ်လိုက်သောအခါ၊ သူသည် တောနက်ကြီးထဲသို့ ရောက်နေ၏။ အထူးသဖြင့် လကွယ်နေ့ညဥ့်ကို ရွေးပြီးလုပ်တတ်ကြသည်။ အမှောင်ထဲတွင် သစ်ကိုင်းသစ်ရွက်သံများက တဖျောက်ဖျောက်၊ ပိုးမွှားအော်သံ၊ တောရိုင်းတိရစ္ဆာန်အူသံများ ကြားနေရသဖြင့်၊ သူသည် အန္တရာယ်စက်ကွင်းထဲမှာ ရောက်နေကြောင်းသိလိုက်၏။ဤကဲ့သို့ သူအမြဲနေသွားရတော့မည်ဟု အထင်ရှိသော်လည်း၊ အရှေ့အရပ်မှနေဝန်း စတင်ပေါ်ထွက်လာသည်နှင့် သူကြည့်လိုက်ရာ၊ သူ့ပတ်ပတ်လည်မှာ သစ်တောကြီးဖြစ်နေသည်။ ထို့နောက် ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်သောအခါ၊ သစ်ပင်အကြီးအငယ် အမျိုးပေါင်းစုံ၊ ချုံနွယ်ပင်များနှင့် လူသွားလမ်းတို့ကို တွေ့မြင်ရ၏။

ထို့နောက်၊ သူနှင့်မလှမ်းတကမ်းတွင် လေးနှင့်မြှားကို လွယ်ထားသော လူတစ်ယောက် ရပ်နေကြောင်းကို သတိပြုမိလိုက်သည်နှင့် အလွန်ပင်အံ့ဩသင့်သွား၏။ထိုသူသည် လူကလေး၏ ဖခင်ပင်ဖြစ်၏။ သူ၏ဖခင်သည် သူ၏အနီးအပါးတွင် တစ်ညဥ့်လုံး သူနှင့်အတူ ရှိနေပြီး၊ သူ့အား စောင့်ကြည့်၍ ကွယ်ကာပေးလျှက်ရှိနေသည်။ သူ၏ဖခင်သည် သူ့သားကို တစ်ယောက်တည်း ချန်ရစ်၍မသွား၊ စွန့်ပစ်၍မထားပါ။ သူ၏ဖခင်သည် သူ၏အနီးအပါးတွင် တညဥ့်လုံး အစဉ်အမြဲရှိနေသောကြောင့် လုံခြုံစိတ်ချရ၏။

**"သင့်တစ်ယောက်တည်းသာ ... စွန့်ပစ်၍မထား၊**
**ကတိတော်ရှိသည်ကား ... ငါသည်စွန့်ပစ်၍မထား။"**

မျှော်လင့်ချက်ကင်းမဲ့၊ စိတ်ပျက်ဖွယ်ရာ အခြေအနေရှိနေလည်း ဘုရားရှင်သည် သင်၏အနီးအပါး၌ အစဉ်အမြဲရှိတော်မူပြီး၊ သင့်ကို အလျှင်းပစ်၍ မထားသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းနိုင်ပါ၏။ ။

☆ *BCF Youth 30th Anniversary* မှ *Rev. Zauya Lahpai* ၏တရားဟောချက်အကျဉ်းချုပ်ဖြစ်ပါသည်။ ☆